# နိဒါန်း (မိတ်ဆက်စကား)

သယံဇာတပေါကြွယ်လှသော ဗမာပြည်သည် (၁၉၄၈) ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် လွတ်လပ်ရေးရခဲ့သည်။ ဗြိတိသျှတို့သည် လွတ်လပ်ရေးကို လက်လွှတ်စပယ် ပေးခဲ့ကြသည် မဟုတ်ပေ။

ဒုတိယကမ္ဘာစစ်ကြီး၏ဒဏ်ကြောင့် စီးပွားရေးလုပ်ငန်းများ အားလုံးပျက်စီးခဲ့ရသည်။ မြို့ပြအဆောက်အဦးများ လမ်းတံတားများ ပျက်စီးခဲ့ရသည်။

ဒါတွေကို စစ်ပြီးခေတ်တွင် ဘုရင်ခံ ဆာဒေါမန်စမစ်၏ စက္ကူဖြူ စီမံကိန်း ကာလအတွင်း အလုံးစုံပြုပြင်ပေးမည်။ အချိန်ကာလ အတိုင်း အတာတစ်ခု ယူထားသော အချိန်ကာလအတွင်း ဗမာပြည်အတွက် ကံကြမ္မာဆိုးများ ယူဆောင်လာမည့် ကွန်မြူနစ်ပါတီကို အမြစ်ပြတ် ချေမှုန်းပစ်ရပေမည်။

ဒုတိယကမ္ဘာစစ် လက်ကျန် လက်နက်ခဲယမ်းများကို ရှာဖွေ သိမ်းဆည်းပြီး စနစ်တကျ ဖျက်ဆီးရပေမည်။

ဒါတွေကို စစ်ပြီးခေတ်တွင် ဘုရင်ခံဆာဒေါမန်စမစ်၏ စက္ကူဖြူ စီမံကိန်း ကာလအတွင်း အလုံးစုံပြုပြင်ပေးမည်။ အချိန်ကာလ အတိုင်း အတာ တစ်ခုယူထားသော အချိန်ကာလအတွင်း ဗမာပြည်အတွက် ကံကြမ္မာဆိုးများ ယူဆောင်လာမည့် ကွန်မြူနစ်ပါတီကို အမြစ်ပြတ် ချေမှုန်းပစ်ရပေမည်။

ဒုတိယကမ္ဘာစစ်လက်ကျန် လက်နက်ခဲယဉ်းများကို ရှာဖွေ သိမ်းဆည်းပြီး စနစ်တကျ ဖျက်ဆီးရပေမည်။ အစစအရာရာ ပြုပြင်ပေးပြီးမှ လွတ်လပ်ရေးအတွက် ပါလီမန်ဒီမိုကရေစီကို အုတ်မြစ်ချပေးလိုက်ပါက နောင်ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ကာလအတွင်း ဗမာပြည်သည် အရှေ့တောင်



အာရှဒေသတွင် အကြွယ်ဝဆုံး အချမ်းသာဆုံး နိုင်ငံအဖြစ် ရပ်တည်နိုင်စွမ်း ရှိပေလိမ့်မည်။

သို့သော် လွတ်လပ်ရေးတိုက်ပွဲဝင်ကာလတွင် ဗမာတို့သည် လူကြမ်း စိတ်ကြမ်း၊ စရိုက်ကြမ်းများ ဖြစ်လာကြသည်။

ဒီလိုနဲ့ လွတ်လပ်ရေးရပြီး မကြာမီ ပြည်တွင်းစစ်နှင့် ကြုံတွေ့ရသည်။ 1948 ခုနှစ်ကတည်းက စတင်ခဲ့သော ပြည်တွင်းစစ်သည် ကျွန်ုပ် ယခုစာအုပ်ကို ရေးသားပြုစုချိန် 1989 ခုနှစ်တွင် အရှိန်အဟုန် ပြင်းထန်စွာ တောက်လောင်နေဆဲဖြစ်ပြီး၊ တိုင်းရင်းသားတို့၏ ရပိုင်ခွင့်များကို ဗမာတို့က ဗမာလူမျိုးကြီး ဝါဒဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေးထားသော အချိန်ကာလတွင် ငြိမ်းချမ်းရေးကို ရနိုင်မည် မဟုတ်ပေ။

၁၉၈၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော ရှစ်လေးလုံး အရေးတော်ပုံကြီးသည် ဘာသာရေး လူမျိုးရေးကို အခြေခံခြင်း မရှိပေ။ ခေါင်းအစိုးရကဲ့သို့ လူမဆန်စွာ ဖိနှိပ်ထားသော စစ်အာဏာရှင်စနစ်ကို ကျောင်းသားများသည် လက်နက်မဲ့ပုန်ကန်ရာမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ကျွန်တော် ဤစာအုပ်ကို ပြုစုရန် 1982 ခုနှစ်မှစပြီး စာအုပ်စာတမ်းများကို လက်လှမ်းမီသမျှ ရှာဖွေစုဆောင်းရေးသား ပြုစုခဲ့ပါသည်။ လိုအပ်တာတွေ ထပ်ဖြည့်နေချိန် ကမ္ဘာကျော်ရှစ်လေးလုံး အရေးတော်ပုံကာလနှင့် ကြုံတွေ့ရသောကြောင့် ထပ်ဖြည့်ရသည်။

ဤစာအုပ် ပြုစုရာတွင် အများဆုံး အကူအညီပေးခဲ့ကြသော ပုဂ္ဂိုလ်ကြီးများမှာ ဂျိုးဇက်ဆေး(လ်)ဗားစတိုင်း Josef Silverstein၊ ဒေးဗစ်စတိန်းဘာ့(ဂ်) David Steinberg၊ ရောဘတ်တေလာ Robert Taylor နှင့် ဘတ်တေး(လ်)လင်တနာ (Bertil Lintner)တို့သည် သူတို့ရေးသားပြုစုခဲ့ကြသော စာအုပ်များပေးကြပြီး အကြံဉာဏ်များစွာ ပေးကြပါသည်။ ထို့အပြင် ဗမာပြည်မှ သပိတ်တိုက်ပွဲကာလ ရဲဘော်များ၊ ထိုင်း-ဗမာနယ်စပ်ရောက်သွားသော ကျောင်းသားရဲဘော်များထံမှ အဖိုးတန် သတင်းအချက်အလက်များစွာ ရခဲ့ပါသည်။

Martin Smith
1991